၄-သောဏဒဏ္ဍသုတစမ္ပာမြို့နေပုဏ္ဏားနှင့် အမျိုးသားတို့အကြောင်း၃၀၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်-အခါတစ်ပါး၌ မြတ်စွာဘုရားသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ အင်္ဂတိုင်း၌ ့ဒေသစာရီ လှည့်လည်တော်မူလတ်သော် စမ္ပာမြို့ သို့ ရောက်တော်မူ၍ ထိုစမ္ပာမြို့အနီး ဂဂ္ဂရာမည်သော ရေကန်၏ ကမ်းနား၌ (သီတင်းသုံး) နေတော်မူ၏။ထိုစဉ်အခါ၌ သောဏဒဏ္ဍပုဏ္ဏားသည် လူစည်ကား၍ ကျွဲနွားစသည် ပေါများသော မြက် ထင်းရေတို့နှင့် ပြည့်စုံသော ဆန်စပါးနှင့် ပြည့်စုံသော မင်းမှရသည့် စည်းစိမ်ဖြစ်သော သေနိယ၂ မည်သောမဂဓတိုင်းရှင် ဗိမ္ဗိသာရမင်းသည် ဆုလာဘ်အဖြစ်ဖြင့် အပိုင်စားပေးထားသော စမ္ပာမြို့ကို အုပ်ချုပ်၍နေ၏။၃၀၁။ စမ္ပာမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် (ဤသို့) ကြားသိလေကုန်၏- ''အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် ငါးရာမျှသောများစွာသော ရဟန်းသံဃာနှင့်အတူ အင်္ဂတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရာ စမ္ပာမြို့သို့ရောက်တော်မူ၍ ဂဂ္ဂရာမည်သော ရေကန်၏ ကမ်းနား၌ (သီတင်းသုံး) နေတော်မူ၏။ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် (ဤသို့) ပျံ့နှံ့၍ ထွက်၏- 'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်းသမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သောအကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မ သာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာ ဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏'ဟု ပျံ့နှံ့၍ ထွက်၏။ထို (အသျှင်ဂေါတမ) သည် နတ်နှင့် တကွသော မာရ်နတ်နှင့် တကွသော ဗြဟ္မာနှင့် တကွသောဤလောကကိုလည်းကောင်းသမဏဗြာဟ္မဏနှင့် တကွသော မင်းများ လူများနှင့် တကွသော သတ္တဝါအပေါင်းကိုလည်းကောင်း ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက်ဟောကြားတော်မူ၏၊ ထို (အသျှင်ဂေါတမ) သည် အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်း ရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောတော် မူ၏၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏၊ ထိုသို့သဘော ရှိသောရဟန္တာ (ပုဂ္ဂိုလ်) တို့ကို

ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း''ဟု ကြားသိလေ ကုန်၏။ထိုစဉ်အခါ၌ စမ္ပာမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် စမ္ပာမြို့မှ အစုလိုက် အအုပ်လိုက် ထွက်ကြပြီးလျှင် တစ်ပေါင်းတည်း ဖြစ်ကုန်လျက် ဂဂ္ဂရာမည်သော ရေကန်ဆီသို့ ချဉ်းကပ်ကုန်၏။၃၀၂။ ထိုစဉ်အခါ၌ သောဏဒဏ္ဍပုဏ္ဏားသည် ပြာသာဒ် ထက်၌ နေ့အချိန် လျောင်းစက်လျက်ရှိ၏၊ ထိုသောဏဒဏ္ဍပုဏ္ဏားသည် စမ္ပာမြို့မှ အစုလိုက် အအုပ်လိုက် ထွက်ကြပြီးလျှင် တစ်ပေါင်းတည်း ဖြစ်ကုန်လျက် ဂဂ္ဂရာမည်သော ရေကန်ဆီသို့ ချဉ်းကပ်ကုန်သော စမ္ပာ မြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့ကို၁၂၇မြင်သော် အမတ်အား၃ ဤသို့ မေး၏- ''အမတ် စမ္ပာမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် စမ္ပာမြို့မှ အစုလိုက် အအုပ်လိုက်ထွက်ကြပြီးလျှင် တစ်ပေါင်းတည်း ဖြစ် ကုန်လျက် ဂဂ္ဂရာမည်သော ရေကန်ဆီသို့ အဘယ်ကြောင့်ချဉ်းကပ်ကုန်သနည်း''ဟု မေး၏။အသျှင် သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ အင်္ဂတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရာ စမ္ပာမြို့သို့ ရောက်တော်မူ၍ ဂဂ္ဂရာ မည်သော ရေကန်၏ ကမ်းနား၌ (သီတင်းသုံး) နေတော်မူပါ၏၊ ထိုအသျှင်ဂေါတမ၏ကောင်းသော ကျော်စောသတင်းသည် (ဤသို့) ပျံ့နှံ့၍ ထွက်ပါ၏- ''ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူ ထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်းသမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကား ကို ဆိုတော်မူတတ်သောအကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာ ဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူ သော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏''ဟု ပျံ့နှံ့၍ ထွက်ပါ၏။ထိုသူတို့သည် ထိုအသျှင် ဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ကြပါကုန်၏ဟု (အမတ်က ပြန်ကြား၏)။အမတ် သို့ဖြစ်လျှင် စမ္ပာမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့ထံ ချဉ်းကပ်၍ ''အသျှင်တို့ ဆိုင်းငံ့ ကြပါဦး၊ သောဏဒဏ္ဍပုဏ္ဏားသည်လည်း ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ပါလိမ့်မည်ဟု သောဏဒဏ္ဍပုဏ္ဏားက မှာကြားလိုက်ပါသည်'' ဟူ၍ ပြောကြားချေလော့ဟု (မိန့်ဆို၏)။''အသျှင်ကောင်းပါပြီ''ဟု ထိုအမတ်သည် သောဏဒဏ္ဍပုဏ္ဏား အား ဝန်ခံပြီးလျှင် စမ္ပာမြို့နေပုဏ္ဏားနှင့် အမျိုးသားတို့ထံသို့ ချဉ်းကပ်၍ စမ္ပာမြို့နေ ပုဏ္ဏားနှင့်

အမျိုးသားတို့အား ဤစကားကိုပြောဆို၏။ ''အသျှင်တို့ ဆိုင်းငံ့ကြပါဦး၊ သောဏဒဏ္ဍပုဏ္ဏားသည်လည်း ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ပါလိမ့်မည်ဟု သောဏဒဏ္ဍပုဏ္ဏားက မှာကြားလိုက်ပါသည်'' ဟူ၍ ပြောဆို၏။၁။ စမ္ပာသည် ရှေးတစ်ခေတ်က အင်္ဂတိုင်း၏ နေပြည်တော်ဖြစ်ခဲ့ဖူးသော်လည်း ဤသုတ်ကို ဟောတော်မူသောခေတ်၌ မြို့စားပေးထားသော အရံမြို့သာဖြစ်၍ ဤ၌ ဇင်းကို စမ္ပာမြို့ဟု ပြန်ဆိုထားသည်။၂။ သေနိယောတိ တဿ နာမံ၊ သေနိယ ဟူသည် ထိုမင်း၏ အမည်တည်း။ (မူလပဏ္ဏာသ စူဠဒုက္ခက္ခန္ဓသုတ်အဋ္ဌကထာ)၃။ အတိုင်ပင်ခံအမတ်